## ဒေသခံပြည်သူများသို့ အကျိုးပြုမှုများ

- အသေးစား သစ်တောထွက် ပစ္စည်းများ၊
- ဆေးဘက်ဝင် အပင်များ၊
- သဘာဝအခြေခံခရီးသွား လုပ်ငန်းဖြင့် အလုပ်အကိုင် နှင့် ဝင်ငွေ အခွင့်အလမ်းများ၊
- တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေး မိတ်ဆွေများအသင်း (FoW) နှင့် ပူးပေါင်း၍ ချင်းမုဆိုး မိသားစုများအား အမဲလိုက်ခြင်းအစားထိုး ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော လုပ်ငန်း တည်ထောင်ရန် ပံ့ပိုးခြင်း၊ ရေရရှိရေး နှင့် အခြေခံပညာအတွက် ဆောင်ရွက်ပေးခြင်း၊
- Istituto Oikos နှင့် ပူးပေါင်း၍ ဒေသခံပြည်သူအခြေပြု တောရိုင်းတိရစ္ဆာန် စောင့်ကြည့်ခြင်း နှင့် အစီရင်ခံခြင်း (Community-based wildlife monitoring and reporting) အတွက် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော လုပ်ငန်း တည်ထောင်ရန် ပံ့ပိုးခြင်း၊ ကျေးရွာရန်ပုံငွေများ တည်ထောင်ပေးခြင်း၊
- ရေအရင်းအမြစ်များအား ထိန်းသိမ်းခြင်း၊

## သဘာဝအခြေခံခရီးသွားလုပ်ငန်း ဝန်ဆောင်မှုများ

❖ ခရီးသွားဧည့်သည် (၅)ဦးအထိ တည်းခိုနိုင်သည့် ဧည့်ရိပ်သာ (၁)လုံး၊
❖ တောတွင်း ကင်းစခန်း(၄) လုံး၊
❖ ဝန်တင်ဆင်(၂)ကောင်၊
❖ ဒေသခံလမ်းပြများ၊






## လမ်းပန်းဆက်သွယ်ရေး

**မော်တော်ကားဖြင့်-**

ရန်ကုန်မြို့ မှ ဂွမြို့သို့ (၁၇၀) မိုင်။

**ဆက်သွယ်ရန်-**

အုပ်ချုပ်ရေးမှူးရုံး၊ ရခိုင်ရိုးမဆင်ဘေးမဲ့တော၊ ဂွမြို့





## သစ်တောဦးစီးဌာန
## သဘာဝဝန်းကျင်နှင့်သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန
## ရခိုင်ရိုးမဆင်ဘေးမဲ့တော



## နောက်ခံအကြောင်းအရာ

မျိုးဆက်ပျက်သုဉ်းရန် အန္တရာယ်နှင့်ကြုံတွေ့နေရသည့် အာရှတောဆင်ရိုင်းများကို ကာကွယ်နိုင်ရန် မြန်မာနိုင်ငံ၏ ပထမဆုံး တောဆင် ရိုင်းများ ထိန်းသိမ်းရာ သဘာဝနယ်မြေအဖြစ် ၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၅) ရက်နေ့တွင် ဖွဲ့စည်း တည်ထောင်ခဲ့ပါသည်။

## တည်နေရာနှင့် အကျယ်အဝန်း

ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ သံတွဲ နှင့် ဂွမြို့နယ်၊ (၂၄၆၁၄၄) ဧက။

## ရည်ရွယ်ချက်များ

❖ တောဆင်ရိုင်းများအပါအဝင် ဇီဝမျိုးစုံမျိုးကွဲများ၊ ယင်းတို့ ၏ နေရင်းဒေသများကို ကာကွယ်ရန်
❖ ဒေသခံပြည်သူများအား ထိန်းသိမ်းရေးဆိုင်ရာ သိမြင်နိုးကြားမှု မြှင့်တင်ရန်
❖ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဖြင့် ဒေသခံများ ဖွံ့ဖြိုးရေးကို အထောက်အကူပြုရန်

## မြေမျက်နှာသွင်ပြင်

ရခိုင်ရိုးမ၏ အနောက်တောင်ဘက်တွင် ဘင်္ဂလားပင်လယ်အော်နှင့်ဆက်စပ်တည်းရှိပြီး၊ တောင်စဉ်တောင်တန်းများ၊ လျှိုမြောင်များပေါများသည်။

## တောအမျိုးအစား

- အမြဲစိမ်းတောကို အဓိက တွေ့ရှိရပြီး၊ ဘေးမဲ့တောဧရိယာ၏ (၇၀%) ကို ဝါးတောကြီးများဖြင့် ဖုံးလွှမ်းလျက်ရှိပါသည်။

## တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ

- နို့တိုက်သတ္တဝါ (၄၀) မျိုး
- ငှက် (၁၃၂) မျိုး၊ လိပ် (၈) မျိုး
- လိပ်ပြာမျိုး (၂၆) မျိုး
- အင်းဆက် (၁၂) မျိုး
- ရေချိုငါး (၄၀) မျိုး
- သစ်မျိုးစိတ် (၂၆) မျိုး၊ ဝါး (၉) မျိုး
- ကြိမ် (၄) မျိုး၊ သစ်ခွ (၄၀) မျိုး
- ဆေးဖက်ဝင်အပင် (၆၀) မျိုး




## သုတေသနပြုလုပ်နိုင်သည့် အခြေအနေများ

♦ တောဆင်ရိုင်းများ၏ ဂေဟဗေဒနှင့် ဇီဝဗေဒဆိုင်ရာများ၊
♦ ရခိုင်တောင်လိပ် ဂေဟဗေဒနှင့် ဇီဝဗေဒဆိုင်ရာများ၊
♦ ရခိုင်သဇင်နှင့် သစ်ခွမျိုးစိတ်များ၊
♦ ငှက်မျိုးစိတ်နှင့် လိပ်ပြာမျိုးစိတ်များ၊
♦ နို့တိုက်သတ္တဝါ မျိုးစိတ်များ၊
♦ တွားသွားသတ္တဝါ မျိုးစိတ်များ၊

## ရခိုင်တောင်လိပ် အကြောင်းသိကောင်းစရာ

မြန်မာအမည် - ရခိုင်တောင်လိပ်
အင်္ဂလိပ် - Rakhine Forest Turtle
သိပ္ပံအမည် - *Heosemys depressa (Snderson,1875)*



ရခိုင်တောင်လိပ်သည် **မြန်မာနိုင်ငံတွင်၊ ရခိုင်ရိုးမ၌သာ တွေ့ရှိရသည့် ဒေသရင်းမျိုးစိတ် (Endemic Species)** ဖြစ်ပြီး၊ ကောင်ရေ အလွန် နည်းပါးသွားပြီဖြစ်သည့်အတွက် အပြည်ပြည်ဆိုင်ရာ သဘာဝအရင်းအမြစ် များထိန်းသိမ်းရေးအဖွဲ့ (IUCN) မှ မျိုးသုဉ်းလုနီးပါး အန္တရာယ်ရှိသောမျိုးစိတ် (Critically endangered Species) အဖြစ် သတ်မှတ်ထားပါသည်။

ရခိုင်တောင်လိပ်များအား နေရင်းဒေသပြင်ပတွင် ထိန်းသိမ်းကာကွယ်ခြင်း (Ex-situ Conseervation) အဖြစ် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS) နှင့်ပူးပေါင်း၍ ဘေးမဲ့တောအတွင်း လိပ်ခြံ တည်ဆောက်၍ ဥ အုခြင်း၊ သားပေါက်ခြင်းတို့ကို သုတေသနပြု လေ့လာလျက် ရှိပါသည်။

## လေ့လာကြည့်ရှုအပန်းဖြေနိုင်သည့် အခွင့်လမ်းများ




- တောဆင်ရိုင်းများ၏ သဘာဝအတိုင်း နေထိုင်ကျက်စားမှုများ၊
- ဆင်စီး၍ တောတွင်းခရီး သွားရောက်ခြင်း၊
- ချောင်းအတွင်း လှေစီးစုန်ဆင်းခြင်း၊
- တောတောင်သဘာဝ အလှအပရှုခင်း
- ရခိုင်သဇင်ပန်း နှင့် သစ်ခွပန်းများ၊




- ရွာပါး ရခိုင်တောင်လိပ်နှင့် လိပ်မောင်းတို့၏ နေထိုင်ကျက်စားမှု၊
- တောရိုင်းတိရစ္ဆာန်များ၏ အလေ့အထ၊
- ကမ်းရိုးတန်း နှင့် တောင်ပေါ် ဂေဟစနစ် ဆက်စပ်မှု






